# NEWSLETTER

AS IC
Ayeyarwaddy Seeds
& Irrigation Company




နံနံပင်သည် မြန်မာနိုင်ငံရှိ စားသုံးမှုများတဲ့ ဟင်းခတ်အမွှေးအကြိုင်တွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ပြီး ကျွန်တော်တို့ နေ့စဉ်စားသုံးနေတဲ့ ဟင်းလျာကအစ အသုပ်နဲ့ အတို့အမြုပ်အဆုံး နှစ်ခြိုက်စွာ ထည့်သွင်းစားသုံးကြပါသည်။ ပျော်ဘွယ်၊ ရမည်းသင်း၊ ပဲခူးအနောက်နဲ့ ဧရာဝတီဘက်မှာ နံနံပင်စိုက်ပျိုးမယ့် တောင်သူများအတွက် ဧရာဝတီမျိုးစေ့မှ ယခုနှစ်တွင် စိမ်းမြမြ နံနံမျိုးသစ်အား ဖြန့်ချိနေပါပြီ။ "စိမ်းမြမြ"က စီးပွားဖြစ် စိုက်ပျိုးလို့ရတဲ့အပြင် အိမ်နောက်ဖေး ဈေးဆိုင်တည်ချင်တဲ့သူတွေအတွက်လည်း တနိုင်တပိုင် စိုက်ပျိုးလို့ရပါတယ်။

ရာသီမရွေးစိုက်ပျိုးနိုင်တဲ့ သက်လျင်မျိုးဖြစ်တဲ့ “စိမ်းမြမြ” ကို စိုက်ပြီး ရက် ၃၅ - ၄၀ ရက်သားတွင် နှုတ်သိမ်းနိုင် ရုံသာမက အပင်ကြံ့ခိုင်သန်စွမ်း၍ အစိမ်းရင့်ရောင်အရွက်ရှိကာ ပင်စည်တုတ်ခိုင်ပြီး တစ်ပင်အလေးချိန် မြင့်မားသည့်အပြင် အနံ့မွှေးပါတယ်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ပေါ့အိုင်ရိုးရွာနှင့် ဒဟတ်တန်းရွာတွင် "စိမ်းမြမြ" ကွင်းသရုပ်ပြပွဲကို ပြုလုပ်ခဲ့ပြီး တက်ရောက်လာသည့် တောင်သူများက

•အစေ့ကြီးပြီး အပင်အထမြန်လို့ စောစောနုတ်လို့ရတယ်

•ပင်စည်တုတ်၍ အရွက်များပြီး အလေးချိန်စီးတယ် ဟု စိုက်ခင်းအတွေ့အကြုံကို ဝေမျှပေးခဲ့ပါတယ်။





